## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

**May 19 , 2023** | **Volume 66, Number 13**

၁၉.၅.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၈.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၂.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com

### (၅) ကြိမ်မြောက် တရုတ်(အနောက်ပိုင်းဒေသ) အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရေးဆိုင်ရာကုန်စည်ပြပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတက်ရောက်




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ချုံချင့်မြို့၌ ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပ ပြုလုပ်သည့် (၅)ကြိမ်မြောက် တရုတ်(အနောက်ပိုင်းဒေသ) အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရေးဆိုင်ရာ ကုန်စည်ပြပွဲ ( The 5th Western China International Fair for Investment and Trade – WCIFIT) ၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ခင်းကျင်းပြသထားသည့် နိုင်ငံတကာပြခန်းများအား လှည့်လည်ကြည့်ရှုကာ မြန်မာပြခန်းများကိုလည်း ကြည့်ရှုအားပေးခဲ့သည်။ ပိုမိုကောင်းမွန်သော အနာဂတ်အတွက် တရုတ်နိုင်ငံအနောက်ပိုင်းဒေသနှင့် ကုန်သွယ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြပွဲသို့ နိုင်ငံပေါင်း (၃၆)နိုင်ငံမှ ပြခန်းပေါင်း (၈၂၄) ခန်း ပါဝင်ပြသခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချုံချင့်မြို့၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဒုတိယအထွေထွေအတွင်းရေးမှူး Mr. Li Mingqing က တည်ခင်းဧည့်ခံသည့် အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးနှင့် မြန်မာ့လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94% E1%80% B1% E1%80%AC%E1%80

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မိုခါမုန်တိုင်းသက်ရောက်မှုကြောင့် လုပ်ငန်းဆက်လက် လည်ပတ်ရန်ခက်ခဲနေသည့် SME လုပ်ငန်းရှင်များ ချေးငွေလျှောက်ထားနိုင်ကြောင်း AYA ဘဏ်ကြေညာ

မိုခါမုန်တိုင်းသက်ရောက်မှုကြောင့် လုပ်ငန်းဆက်လက်လည်ပတ်ရန် ခက်ခဲနေသည့် SME လုပ်ငန်းရှင်များ ချေးငွေလျှောက်ထားနိုင်ကြောင်း AYA ဘဏ်က မတ် ၁၈ ရက်တွင် ကြေညာခဲ့သည်။

မိုခါမုန်တိုင်းသက်ရောက်မှု ကြုံတွေ့လိုက်ရသော လုပ်ငန်းရှင်များအတွက် AYA ဘဏ်မှ SME/MSME ချေးငွေများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မိုခါမုန်တိုင်း သက်ရောက်မှုကြောင့် လုပ်ငန်းဆက်လက်လည်ပတ်ရန် အခက်အခဲ ကြုံနေသော အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များအတွက် လုပ်ငန်းပြန်လည် လည်ပတ်နိုင်ရန်အတွက် AYA micro loan (emergency ချေးငွေ) လျှောက်ထားနိုင်ပြီဖြစ်သည်။ "အာမခံအပေါင်ပစ္စည်း"ဖြင့် လျှောက်ထားခြင်းအပြင် "အာမခံမဲ့၊ အပေါင်ပစ္စည်းမဲ့" လျှောက်ထားခြင်းကိုပါ လျှောက်ထားနိုင်ကြောင်း သိရသည်။

အပေါင်ပစ္စည်းမဲ့စနစ်ဖြင့် လျှောက်ထားပါက အများဆုံးလျှောက်ထားနိုင်သော ချေးငွေမှာ ကျပ်သိန်း ၁၀၀ ဖြစ်ပြီး ချေးငွေသက်တမ်းအနေဖြင့် အများဆုံး နှစ်နှစ်ဖြစ်ကာ အတိုးနှုန်းအနေဖြင့် ချေးငွေသက်တမ်းတစ်နှစ်အတွက် တစ်နှစ်လျှင် ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ ချေးငွေသက်တမ်း နှစ်နှစ်အတွက် တစ်နှစ်လျှင် ကိုးရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

AYA micro loan (emergency ချေးငွေ) အကြောင်း အသေးစိတ်မေးမြန်းလိုပါက ၀၁-၂၃၁၇၇၇၇ ကို ဆက်သွယ်နိုင်ပြီး နီးစပ်ရာ AYA bank ဘဏ်ခွဲများသို့ အမြန်ဆုံးသွားရောက်လျှောက်ထားနိုင်သည်။

**Source:** https://news-eleven.com/article/248431

## တက္ကနပ်ရှိ Sonali Bank ကို ဘင်္ဂလားဗဟိုဘဏ်မှ လာရောက်စာရင်းစစ်ဆေးနေသဖြင့် Bank Draft ထုတ်ပေးမှုအား ယာယီရပ်ဆိုင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်မြို့ရှိ Sonali Bank နှင့် AB Bank တို့မှ Bank Draft များကို ထုတ်ပေးခဲ့သော်လည်း AB Bank မှ Bank Draft ထုတ်ပေးမှုအား ဆက်လက်ရပ်ဆိုင်းလျက်ရှိပြီး Sonali Bank နှင့် Bank Draft များကို ဆက်လက်ထုတ်ပေးခဲ့သောကြောင့် မြန်မာဘက်မှ (Exporter) သမားများနှင့် တစ်ဖက်နိုင်ငံမှ (Importer) သမားများအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကုန်သည်များထံမှ စုံစမ်းသိရှိရသည် ။

ယခုအခါ တက္ကနပ်မြို့ရှိ Sonali Bank ကို ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်မှ လာရောက်စာရင်းစစ်ဆေးနေသဖြင့် Bank Draft ထုတ်ပေးမှုအား ယာယီရပ်ဆိုင်းထားရှိပြီး နောက်လာမည့်သီတင်းပတ် (၂၂-၅-၂၀၂၃) ရက်နေ့လောက်မှသာ ထုတ်ပေးမည်ဟု ကုန်သည်များထံမှ စုံစမ်းသိရှိရသည် ။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## မောင်တောဒေသအတွင်း ဆိုင်ကလုန်းမုန်တိုင်းပြီးဆုံးပြီဖြစ်၍ ကုန်သွယ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုအခြေအနေ

မောင်တောင်ဒေသအတွင်း ဆိုင်ကလုန်းမုန်တိုင်း ပြီးဆုံးပြီဖြစ်သဖြင့် ၁၇-၅-၂၀၂၃ ရက်နေ့မှစ၍ တစ်ဖက်နိုင်ငံနှင့် ကုန်ပစ္စည်း တင်ပို့/တင်သွင်းမှုလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ ပို့ကုန်လှေ(၃)စီး၊ ငါးမြစ်ချင်း၊ ချင်း(အစို)၊ ဆီးသီးခြောက်၊ ငါးခေါင်းပွ၊ တန်ချိန်(၇၆.၆၀၀)တန်၊ စုစုပေါင်းတန်ဖိုး(၀.၀၅၃)ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## ထိုင်းနိုင်ငံ၊ ကုန်သွယ်မှုညှိနှိုင်းရေးဦးစီးဌာနက လွတ်လပ်သောကုန်သွယ်ရေးညှိနှိုင်းမှုများကို တွန်းအားပေးရန် စိတ်အားထက်သန်လျက်ရှိ

ထိုင်းနိုင်ငံ၊ ကုန်သွယ်မှုညှိနှိုင်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mrs. Auramon Supthaweethum က ပို့ကုန်ယှဉ်ပြိုင်မှုများနှင့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် နိုင်ငံအများစုနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် (Free Trade Agreement-FTA) အသစ်များ ရေးထိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၇ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှု၏ ၈၀ ရာခိုင်နှုန်းကို လွှမ်းခြုံသော FTA များကို နိုင်ငံ ၅၀ ကျော်နှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဦးစီးဌာနအနေဖြင့် အစ္စရေး၊ ဘူတန်၊ တောင်ကိုရီးယား၊ ပစိဖိတ်မဟာမိတ်ဒေသ (ချီလီ၊ ပီရူး၊ မက္ကဆီကိုနှင့် ကိုလံဘီယံ)နှင့် တောင်အာဖရိက အကောက်ခွန်ယူနီယံ (ဘော့စ်ဝါနာ၊ အက်စ်ဝါတီနီ၊ လဲဆိုသို၊ နမ်မီဘီးယားနှင့် တောင်အာဖရိက) တို့နှင့် ကုန်သွယ်မှုညှိနှိုင်းရေးအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်နေကြောင်း ပြောကြားပါသည်။

၎င်းအပြင် ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်မှုကောင်စီ (ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု)နှင့်လည်းကောင်း၊ ထိုင်းပုဂ္ဂလိကကဏ္ဍက စိတ်ဝင်စားလျက်ရှိသော တောင်အမေရိကရှိ မာကိုဆာကုန်သွယ်မှုအဖွဲ့ (အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေး၊ အုရုဂွေး နှင့် ဗီနီဇွဲလားနိုင်ငံ)တို့နှင့်လည်းကောင်း FTA ဆောင်ရွက်နိုင်ရေး လေ့လာသုံးသပ်လျက်ရှိကြောင်း ဖြည့်စွက်ပြောကြားပါသည်။

ထိုင်းနှင့်ပီရူးနိုင်ငံတို့သည် FTA ရှိပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှု၏ ၆၀.၉ ရာခိုင်နှုန်းသည် နိုင်ငံ ၁၈ နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသော FTA ၁၄ ခုမှ ကိန်းဂဏန်းများဖြစ်ကြောင်း၊ ထိုင်း-UAE FTA ကို ယခုနှစ်တွင်လည်းကောင်း၊ သီရိလင်္ကာ၊ ဥရောပသမဂ္ဂ လွတ်လပ်သောကုန်သွယ်မှုအဖွဲ့နှင့် တူရကီတို့နှင့် ညှိနှိုင်းလျက်ရှိသော FTA များကို လာမည့်နှစ်တွင်လည်းကောင်း၊ EU နှင့် FTA ကို ၂၀၂၅ ခုနှစ်တွင်လည်းကောင်း အပြီးသတ်ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း ၎င်းကရှင်းလင်းပါသည်။ အချို့နိုင်ငံများသည် FTA ညှိနှိုင်းမှုစတင်သည်နှင့်တစ်ပြိုင်နက် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများအတွက် မဟာဗျူဟာကျ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များချုပ်ဆိုလိုပါကြောင်း၊ သြစတြေးနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား FTA ရှိပြီးဖြစ်သည့်အပြင် လယ်ယာ၊ ခရီးသွား၊ ဝန်ဆောင်မှု၊ ကျန်းမာရေး၊ ပညာရေး၊ စွမ်းအင်နှင့်ဒီဂျစ်တယ်ကဏ္ဍတို့အတွက် သဘောတူစာချုပ်ကို ပြင်ဆင်ဆောင်ရွက်နေပါကြောင်း၊ ထိုင်း-UK FTA အတွက် အစည်းအဝေးကျင်းပသွားမည်ဖြစ်ပြီး လယ်ယာ၊ အစားအစာ၊ အဖျော်ယမကာ၊ နည်းပညာနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးအတွက် သဘောတူစာချုပ်ရေးထိုးနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစီးဌာန၏ ဆောင်ရွက်နေမှုအစီအစဉ်များကို Mrs. Auramon က ပြောကြားခဲ့ပါသည်။

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

**Source:** www.bangkokpost.com

https://myantrade.gov.mm/article/Naypyitawstp_19052023

## ဗီယက်နမ် LNG ဖြင့် ဓာတ်အား အမြောက်အမြားထုတ်လုပ်မည်

ဗီယက်နမ်သည် ၂၀၃၀ ခုနှစ်တွင် ဓာတ်ငွေ့သုံးစွဲမှု ၄ ဆတိုးပြီး တိုင်းပြည်၏ ပထမဆုံး စွမ်းအင်ရင်းမြစ်အဖြစ် ပြောင်းလဲရန် အစီအစဉ်ရေးဆွဲထားသည်။ ထို့အတွက် သဘာဝဓာတ်ငွေ့ရည် liquefied natural gas (LNG) တင်သွင်းမှုနှင့် တောင်တရုတ်ပင်လယ်မှ ဓာတ်ငွေ့သိုက်တို့ကို အားကိုးအားထားပြုမည် ဖြစ်သည်။ ၎င်းအစီအစဉ်ကို အစိုးရက မေလ ၁၅ ရက်တွင် အတည်ပြုပေးခဲ့သည်။

ဗီယက်နမ်သည် ဓာတ်ငွေ့ဈေးကွက်တွင် အသေးအမွှားအဖြစ်မှ ဒေသတွင်းတွင် ဓာတ်ငွေ့အများဆုံး သုံးစွဲသူအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်သည်။ LNG ရယူရာတွင် ပြည်တွင်းထုတ်လုပ်သည့် LNG ကို ဦးစားပေးမည်ဖြစ်သည်။ LNG တင်သွင်းမှုသည် သုညမှ ၂၀၃၀ ခုနှစ်တွင် တိုင်းပြည်ဓာတ်အားလိုအပ်ချက်၏ ၁၅% နီးပါးကို ဖြည့်တင်းပေးမည့် ပမာဏသို့ ခုန်တက်သွားမည်ဖြစ်သည်။ ၂၀၃၀ တွင် သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အား ၁၅ ဂစ်ဂါဝပ် (GW) ထုတ်လုပ်မည်။

LNG တင်သွင်းခြင်းသည် ဈေးအတက်အကျရှိသည်။ ကမ္ဘာ့ဝယ်လိုအား မြင့်မားချိန်တွင် ဈေးနှုန်း မတန်တဆမြင့်မားသည်။ ပြည်တွင်းထုတ်လုပ်မည့် ဇရိယာသည် တရုတ်နိုင်ငံနှင့် ရေပိုင်နက် အငြင်းပွားနေသောနေရာ ဖြစ်နေသည်။ နောက်ထပ် ဓာတ်အားတိုးထုတ်ရန် ၂၀၃၅ မတိုင်ခင် ဓာတ်ငွေ့သုံး ဓာတ်အားစက်ရုံ ၁၅ ခု တည်ဆောက်မည်။ LNG ရယူရန် သင်္ဘောဆိပ်ခံ နှစ်ခု တည်ဆောက်မည်။ ပြည်တွင်းဓာတ်ငွေ့သုံး ဓာတ်အားစက်ရုံအသစ်များ တိုးချဲ့ထူထောင်သွားမည်။ ၎င်းစက်ရုံများသည် နောင်တစ်ချိန်တွင် ဟိုက်ဒရိုဂျင်သုံး ဓာတ်အားစက်ရုံများအဖြစ်သို့ ပြောင်းလဲမည်။

ပြည်တွင်းသဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ဗီယက်နမ်ကမ်းလွန်မှ လုပ်ကွက်များဖြစ်သည့် အမေရိကန် မဟာလုပ်ငန်းကြီး ExxonMobil လုပ်ကိုင်နေသည့် Blue Whale လုပ်ကွက်၊ ရုရှားမှ Gazprom လုပ်ကိုင်နေသည့် လုပ်ကွက်၊ အီတလီမှ ENI လုပ်ကိုင်နေသည့် လုပ်ကွက်များထံမှရရှိမည်ဟု အစီအစဉ်တွင်ဖော်ပြထားသည်။

**Source: Bangkokpost**

**https://www.industrialdirectory.com.mm/article/vietnam-bets-big-on-lng.html**

https://myantrade.gov.mm/article/naypyitaw_19052023_1007

## ပြည်ပသို့ ဒေါ်လာ (၁၀၀၀၀) အထက်ပမာဏ ငွေလွှဲပေးပို့မှုများကို စိစစ်ပြီးမှသာခွင့်ပြု

ပြည်ပသို့ ဒေါ်လာ ၁၀၀၀၀ နှင့်အထက် ပမာဏအား ငွေလွှဲပေးပို့မှုများကို အခွန်ဆောင်ထားခြင်းရှိမရှိနှင့် အခွန်စာရင်းရှင်းလင်းထားမှုရှိ၊ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုလျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ထားသည်။

စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ တစ်ဦးချင်း ပုဂ္ဂိုလ်များအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ (ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေ) အထက်ပမာဏအား ပြည်ပသို့လွှဲပြောင်းပေးပို့ရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်အကောက်များ အကြေပေးဆောင်ထားပြီးခြင်းရှိ မရှိ၊ အခွန်စာရင်းရှင်းလင်းမှု ဆောင်ရွက်ထားခြင်းရှိမရှိတို့ကို နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရ ဘဏ်များက ၂၀၂၃ ခုနှစ် မေ (၁) ရက်မှစ၍ စိစစ်ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါလုပ်ငန်းစဉ်၌ ပြည်ပသို့ နိုင်ငံခြားငွေလွှဲပြောင်းမည့်သူအနေဖြင့် လွှဲပြောင်းမည့် ဝင်ငွေ/ပေးချေငွေ အမျိုးအစားအလိုက် တင်ပြရန်လိုအပ်သည့်အထောက်အထားများကိုလည်း အောက်ပါအတိုင်း အသိပေးကြေညာထားသည် -

လွှဲပြောင်းမည့် ဝင်ငွေအမျိုးအစားနှင့် တင်ပြရန်လိုအပ်သည့် အထောက်အထားများမှာ အမြတ်ငွေလွှဲပြောင်းခြင်း၊ ကုန်ပစ္စည်းဖိုးပေးချေခြင်း၊ အတိုး၊ လိုင်စင်၊ ကုန်အမှတ်တံဆိပ်၊ ခိုင်ကြေး၊ မူပိုင်ခွင့်အတွက် ပေးချေငွေ၊ ဝန်ဆောင်ခပေးချေငွေများအတွက် ပုံစံ ပတခ(ဝင)-၈ သို့မဟုတ် ပုံစံ SAS-1 ၊ အခွန်ဆိုင်ရာ စည်းကြပ်မှုများ မပြုလုပ်ရသေးသည့် အခွန်ထမ်းအသစ်ဖြစ်ပါက ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးထားသည့် အခွန်ထမ်းမှတ်ပုံတင်လက်မှတ် (ပုံစံ ပတခ (ဝင)-၀၁-၀၂)၊ withholding Tax၊ နုတ်ယူ ပေးသွင်းထားပြီးဖြစ်ကြောင်း သို့မဟုတ် အခွန်ကျသင့်ခြင်းမရှိကြောင်း သက်ဆိုင်ရာအခွန်ရုံးမှ ထုတ်ပေးထားသည့် အထောက်အထား (အဆိုပါအထောက်အထားအား သက်ဆိုင်ရာအခွန်ရုံးများထံ လျှောက်ထားရယူရမည်ဖြစ်ကြောင်း) ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ထားခြင်းဖြစ်သည်။

**Source:** Popular News Journal

## လာမည့်ကြံရာသီ၌ သကြားဈေးကွက်တွင် လက်ရှိဈေးထက် နိမ့်ကျဖွယ်မရှိ

ပြည်တွင်းသကြားစားသုံးမှုနှင့် ထုတ်လုပ်မှုလုံလောက်ပြီး ပြည်ပသို့တင်ပို့မှုများရှိရာ ကမ္ဘာ့သကြားဈေးမြင့်တက်လာခြင်းကြောင့် ယခုကဲ့သို့ အမြင့်ဈေးရောက်လာရာ လာမည့်သကြားဈေးကွက်တွင် လက်ရှိပေါက်ဈေးထက် နိမ့်ကျဖွယ်မရှိကြောင်း သိရသည်။

လက်ရှိ သကြားတစ်ပိဿာဈေးနှုန်းများမှာ မန္တလေးတွင် ၃၁၈၀ ကျပ်နှင့် ရန်ကုန်တွင် ၃၂၀၀ ပေါက်ဈေး ရှိသည်ဟုဆိုသည်။ "ကမ္ဘာ့သကြားဈေးတက်လို့ ပြည်တွင်းသကြားလည်း ဈေးမြင့်လာတာပါ။ လာမယ့်နှစ် သကြားဈေးက အခုဈေးထက် နိမ့်ကျဖို့မရှိနိုင်ဘူး။ လာမယ့်နှစ်မှာ ကြံစိုက်တောင်သူတွေ အလားအလာကောင်းတယ်။ ဒီနှစ်လည်း ကြံစိုက်ဧက တိုးလာသလို

သကြားထွက်ရှိမှုလည်းတိုးတယ်” မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းဒွေးကပြောသည်။

သကြားမှာ ပြည်တွင်းစားသုံးမှုပိုလျှံပြီး သကြားထုတ်လုပ်မှုမြင့်လာရာ ပြည်ပသို့ တင်ပို့မှုများလည်းရှိပြီး လာမည့်နှစ်တွင် ယခုနှစ်ထက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာ့သကြားသည် ကမ္ဘာ့ဈေးကွက်တွင် ယခင်ကတည်းက တန်းဝင်သကြား ဖြစ်သော်လည်း Modyfine Sugar အဖြစ် ထုတ်လုပ်နိုင်ခြင်းမရှိသေး ကြောင်းသိရသည်။

“ဒီနှစ် ကြံတောင်သူတွေအတွက် အဆင်ပြေတယ်လို့ပြောနိုင်ပေမယ့် သကြားစက်တွေက ပိုပြီး အမြတ်အစွန်းရတယ်။ စက်ရုံ တွေက သကြားဈေးပေါ်မူတည်ပြီး တောင်သူတွေဆီက ကြံဈေးဖြတ်ပေးတာ။ ပြီးခဲ့တဲ့ကြံရာသီမှာ တစ်တန်ကို ၉၅၀၀၀ ပေးတယ်။ လက်ရှိသကြားပေါက်ဈေးနဲ့ဆိုရင် တစ်သိန်းအထက်ပေးသင့်တယ်”ဟု မောင်းကုန်းမှ ကြံစိုက်တောင်သူ ဦးချိုတူးကပြောသည်။

ကြံတစ်ဧကလျှင် စိုက်ပျိုးစရိတ်မှာ ယခင်က ငွေကျပ် ၄ သိန်းဖြစ်သော်လည်း မြေဩဇာနှင့်အခြားစရိတ်များ မြင့်တက်လာသဖြင့် စိုက်ပျိုးစရိတ်မှာ ငွေကျပ် ၁၂ သိန်းကုန်ကျပြီး ကြံစိုက်ပျိုးစရိတ်မှာ ၃ ဆခန့် ပိုမိုကုန်ကျလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းသကြားစားသုံးမှုမှာ တန်ချိန် ငါးသန်းဝန်းကျင်ဖြစ်ပြီး ထုတ်လုပ်နိုင်မှုမှာ တန်ချိန်လေးသန်းခွဲခန့်ရှိသဖြင့် ပိုလျှံပြီး ပြည်ပသို့ တင်ပို့မှုများလည်းရှိကြောင်း၊ ယခင်နှစ်များက ပြည်တွင်းသကြားလက်ကျန်များပြီး ဝယ်လိုအားနည်းခြင်းကြောင့် ၂၀၂၁ ခုနှစ်မတိုင်မီက သကြားတစ်ပိသာငွေကျပ် ၂၀၀၀ ဝန်းကျင်သာရှိခဲ့ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## STOCK EXCHANGE (19.5.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th May, 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,142 (Shares) | 16,428,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 218 | 1,765,800 | 33,109,694 | 268,189 |
| MTSH | 00002 | 2,950 | +150 | +5.36% | 2,750 | 2,950 | 2,750 | 3,301 | 9,359,350 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 413 | 2,891,000 | 10,400,986 | 72,807 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,400 | 1,450 | 1,400 | 960 | 1,344,500 | 29,664,613 | 43,014 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 50 | 127,500 | 19,977,223 | 50,942 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 200 | 940,000 | 10,497,598 | 49,339 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 18th May, 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.21 | +5.20 | +1.47% | 351.07 | 358.21 | 351.07 | 5,142 | 16,428,150 | 7 | 631,190 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th May. 2023

| Trading Volume | Trading Value |
|---|---|
| 5,142 (Shares) | 16,428,150 (MMK) |

### Main Board

As of 1:00 pm, 18th May. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,142 (Shares) | 16,428,150 (MMK) |

| MYANPIX | 358.21 ▲ 5.20 |
|---|---|
| Total Volume (shares) | 5,142 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 631,190 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 100 |
| MTSH | 00002 | 2,950 | ▲ 150 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,550 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |

TIR